ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၄၉)

နေ့စွဲ – ၁၇. ၁၀. ၁၀

## ဘုရားသခင်၏ရိုးစင်းတော်မူခြင်း (သို့) ပြည့်စုံတော်မူခြင်းအကြောင်း

(God's "Simplicity," or Perfection)

သီအိုလော်ဂျီစာအုပ်များတွင် တခါတရံ ဘုရားသခင်၏ဂုဏ်လက္ခဏာတခုဖြစ်သော "ဘုရားသခင်၏ရိုးစင်းတော်မူခြင်း"ဆိုသည့်ခေါင်းစဉ်ကို ဖတ်ရလေ့ရှိပါသည်။ ထိုစကားလုံးသည် အတော်ကလေးခေါင်းရှုပ်စရာကောင်းပါသည်။ ထိုစကားလုံးကို ကျမ်းစာထဲတွင်လည်း မတွေ့ရသည်ဖြစ်၍ အခြားစကားလုံးတခုကို သုံးခြင်းကပိုကောင်းပါမည်၊ ဥပမာ "ပြည့်စုံခြင်း"ဆိုသောစကားလုံး။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်၏ရိုးစင်းတော်မူခြင်းဆိုသည့်အကြောင်းအရာကိုပြောကြသည့်အခါ၊ ကျွန်တော်တို့သည် သူ၏တဆူတည်းဖြစ်တော်မူခြင်း၏ အစိတ်အပိုင်းတခုကို ပြောနေကြခြင်းဖြစ်ပါသည်၊ ဘုရားသခင်သည် သူ၏ဂုဏ်လက္ခဏာများအားလုံးနှင့် လုပ်ကိုင်သမျှအားလုံးတွင် တဆူတည်း(တစ် = One)ဖြစ်ပါသည်။ သူ၏အလုပ်များနှင့်ဂုဏ်လက္ခဏာများကြားတွင် မညီညွတ်ခြင်းများ၊ ဆန့်ကျင်ခြင်းများ၊ ရှေ့နောက်မညီညွတ်ခြင်းများ မရှိကြပါ။ အားလုံးသည် တစ်ခုတည်း၊ တလုံးတဝတည်းဖြစ်ကြပါသည်။ ဘုရားသခင်သည် ပြည့်စုံတော်မူပါသည်၊ သူ့ထံတော်တွင် အားနည်းချက် (သို့) အပြစ်အနာအဆာ တခုမှမရှိပါ။

ဘုရားသခင်သည် ချစ်ခြင်းဖြစ်၏၊ အမှန်တရားဖြစ်၏၊ အလင်းဖြစ်၏ဟုပြောသော ကျမ်းပိုဒ်များတွင် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်းကို အထူးသဖြင့် သင်ပေးပါသည်(၁ယော ၁း၅၊ ၄း၈၊ ၅း၆)။ ဘုရားသခင်သည် အလင်းဖြစ်သည်ဟု ပြောသောအခါ သူ့ထံတွင် မှောင်မိုက်အတွက် နေရာမရှိပါဟု ပြောခြင်းဖြစ်သည်။ သူသည် ချစ်ခြင်းဖြစ်သည်ဟု ပြောသောအခါ၊ သူ၏ချစ်ခြင်းကို မည်သည့်အရာနှင့်မျှ ရောနှောဖို့ မဖြစ်နိုင်ပါဟု ပြောခြင်းဖြစ်သည်။ ထို့အပြင် သူ၏ဂုဏ်လက္ခဏာများသည် ကွဲပြားခြားနားနေသော အကျင့်စရိုက်များမဟုတ်ပါဟု ပြောလိုခြင်းလဲ ဖြစ်ပါသည်။ ၄င်းတို့သည် သီးသန့်ခွဲခြားပစ်၍မရသော စိန်ရတနာတခု၏ မျက်နှာပြင်များနှင့်တူပါသည်။ ၄င်းမျက်နှာပြင်တခုစီ၏ လင်းလက်ခြင်းတို့သည် တခုခြင်းလှပသလို၊ အားလုံးပေါင်းလျှက် ရတနာတပါးဖြစ်ပေါ်လာပါသည်။ ၄င်းတို့ကို တခုချင်း ခွဲခြားပစ်ခြင်းသည် ဖျက်ဆီးပစ်လိုက်ခြင်းသာဖြစ်ပါသည်။

ဘုရားသခင်၏ ဂရုဏာအကြောင်း တွေးကြည့်ပါ။ မိမိတို့၏အပြစ်များအောက်တွင် ကျွန်ခံနေကြရ၍၊ ဒုက္ခဆင်းရဲခြင်း ဖြစ်နေကြရသော ကျွန်တော်တို့ကို သနားခြင်းစိတ် ရှိယုံသာမကပါ၊ ကျွန်တော်တို့၏ ဒုက္ခဆင်းရဲခြင်းများမှ ကယ်တင်တော်မူသော တန်ခိုးတော်လည်း ဖြစ်ပါသည်။ ကျွန်တော်တို့ကို ကူညီချင်သောစိတ် ရှိတော်မူသည်သာမကပါ၊ တကယ်ကူညီတော်မူခြင်းကို ပြောပါသည်။ သူ၏ ဂရုဏာတော်နှင့်အရာခပ်သိမ်းလုပ်ဆောင်နိုင်ခြင်းဆိုသည့် အနန္တတန်ခိုးတော်ရှိခြင်းတို့သည် ပြည့်စုံစွာတလုံးတဝတည်း(တစ်)ဖြစ်ပါသည်။ ဘယ်တော့မှ မကွဲပြားပါ၊ ဘယ်တော့မှ ဆန့်ကျင်ဖက်မဖြစ်ပါ။

ဘုရားသခင်၏ ချစ်ခြင်းအကြောင်းကိုလည်း တွေးကြည့်ပါ။ ဘုရားသခင်၏ ရိုးစင်းတော်မူခြင်း (သို့) ပြည့်စုံတော်မူခြင်းဆိုသည်မှာ သူ၏ချစ်ခြင်းကို သူ၏ဖြောင့်မတ်ခြင်း၊ သူ၏ထာဝရဖြစ်တော်မူခြင်း၊ သူ၏ အနန္တတန်ခိုးတော်ရှင်ဖြစ်တော်မူခြင်း (သို့) အခြားသောဂုဏ်လက္ခဏာတော်များမှနေ၍ ခွဲခြားပစ်၍မရပါဟု ပြောခြင်းဖြစ်ပါသည်။

ဘုရားသခင်၏ချစ်ခြင်းသည် အမြဲတမ်း ဖြောင့်မတ်မှန်ကန်ပါသည်။ ပြည့်စုံသောမှန်ကန်ခြင်းနည်းလမ်းမှလွဲ၍ မည်သည့်နည်းလမ်းနှင့်မျှ ချစ်ခြင်းကို ပြတော်မမူပါ။ ဆိုလိုသည်မှာ ဘုရားသခင်သည် သူ၏ဖြောင့်မတ်

တော်မူခြင်းက တောင်းဆိုသမျှအား ပြည့်စုံစေသောသူကိုသာ ချစ်တော်မူပါသည်။ ထိုသို့ပြည့်စုံရန် သူတို့ကိုယ်စား ဆောင်ရွက်ပေးမည့်သူ၊ အသေခံပေးမည့်သူအဖြစ် သူ၏သားတော်ကို စေလွှတ်တော်မူသည်။

ဘုရားသခင်၏ချစ်ခြင်းသည် အမြဲတမ်း ထာဝရချစ်ခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏ ချစ်ခြင်းသည် ခဏတဖြုတ်သာဖြစ်သည်၊ ထာဝရကာလမှနေ၍ထာဝရကာလထိ မတည်ပါဆိုသည့်ချစ်ခြင်းမျိုး မရှိပါ။ သူ ချစ်သောသူတို့ကို သူသည် အမြဲတမ်းချစ်တော်မူပါသည်။ ထို့အပြင် သူ၏ချစ်ခြင်းသည် အနန္တတန်ခိုးရှိသောချစ်ခြင်း ဖြစ်ပါသည်။ လက်တွေ့မပါသော ခံစားချက်တခုမျှသာမဟုတ်ပါ။ ဘုရားသခင်၏ချစ်ခြင်းသည် ကျွန်တော်တို့ကို သူချစ်ရသူများဖြစ်လာစေသော တန်ခိုးတော်ဖြစ်ပါသည်။

"ဘုရားသခင်၏ ပြည့်စုံတော်မူခြင်းအကြောင်း"သည် ဘုရားသခင်က လူတိုင်းကိုမချစ်ပါ၊ လူတိုင်းထံသို့ ကျေးဇူးတော်မပြပါ ဆိုသည့်အမှန်တရားကို ကျွန်တော်တို့ ယုံကြည်ကြရသည့် အကြောင်းအရင်းတခုဖြစ်ပါသည်။ ထိုသို့ပြောလျှင် ဘုရားသခင်၏ချစ်ခြင်းတွင် အရာခပ်သိမ်းကိုတတ်စွမ်းနိုင်သောချစ်ခြင်းနှင့် ကွဲပြားနေသည့် ချစ်ခြင်း(သို့)ကျေးဇူးတော် နောက်တမျိုးရှိပါသည်ဟု ပြောရာကျနေပါမည်။ ထိုသို့ပြောလျှင် ဘုရားသခင်၏မှန်ကန်ခြင်း၊ သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်းတို့နှင့် ဆန့်ကျင်ဖက်ဖြစ်နေသော ဘုရားသခင်၏ချစ်ခြင်းနှင့်ကျေးဇူးတော်ရှိပါသည်ဟု ပြောရာကျနေပါမည်။ အဘယ်ကြောင့်ဆိုသော် သခင်ခရစ်တော်၏ သန့်ရှင်းခြင်းနှင့်ဖြောင့်မတ်ခြင်းတို့ထဲတွင် မပါကြသူများကိုလည်း ဘုရားသခင်က သူ၏ချစ်ခြင်းကို ပြပါသည်ဟု ပြောသကဲ့သို့ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ထိုသို့မဖြစ်နိုင်ပါ။

ဘုရားသခင်၏ပြည့်စုံတော်မူခြင်းအကြောင်းကို သိရခြင်းသည် ယုံကြည်သူတို့အတွက် အလွန်ပင် ကောင်းချီးခံရမှု ဖြစ်ပါသည်။ ထိုအမှန်တရားကိုသိခြင်းသည်၊ ဘုရားသခင်၏ဂရုဏာတော်သည် ဘယ်တော့မှအချည်းအနှီးမဖြစ်မဖြစ်ပါဟု သိရခြင်းပင်ဖြစ်ပါသည်။ သူ၏ကျေးဇူးတော်ကို တုန့်ပြန်မှုမရှိခြင်း ဘယ်တော့မှမဖြစ်နိုင်ပါ၊ သူ၏ချစ်ခြင်းသည် အလကားဖြစ်သွားခြင်း(အဟောသိကံ)မရှိပါဟု သိနားလည်ခြင်းဖြစ်ပါသည်။

## သုံးပါးတဆူဖြစ်တော်မူခြင်း(The Trinity)

ကျမ်းစာက သင်ပေးသော ဘုရားသခင်၏သုံးပါးတဆူဖြစ်တော်မူခြင်းဩဝါဒသည် အရေးကြီးဆုံးသော ဩဝါဒဖြစ်သော်လည်း၊ ဂရုစိုက်ခြင်းကို အနည်းဆုံးခံရသော ဩဝါဒတခုလည်း ဖြစ်ပြန်ပါသည်။ ယုံကြည်သူအများစုက ဤဩဝါဒသည် သူတို့ကို အခြားသောဘာသာရေးများနှင့်၄င်း၊ မှားယွင်းသောအသင်းတော်များနှင့်၄င်း ခြားနားစေသော ဩဝါဒဖြစ်သည်ကို သိနေကြသော်လည်း ၄င်း၏တန်ဖိုးအစစ်ကို နားမလည်ကြပါ။ သူတို့၏အသက်တာများ၊ သူတို့၏သော့ချာစိတ်ချရမှုများနှင့် ဤဩဝါဒသည် နီးကပ်စွာဆက်နွယ်နေကြောင်း မဆက်စပ်တတ်ကြခြင်းကို တွေ့နေရပါသည်။

ဘုရားသခင်၏ သုံးပါးတဆူဖြစ်ခြင်းဩဝါဒသည် ယုံကြည်သူတို့အတွက် အကြီးမားဆုံးတန်ဖိုးကို ပေးနေကြောင်း သဘောပေါက်ကြဖို့ ကြိုးစားတင်ပြပါမည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ကို သိခြင်းသည် ဘုရားသခင်ကို သိခြင်း ဖြစ်ပါသည်။ ဘုရားသခင်ကို သိခြင်းသည် ထာဝရအသက်ဖြစ်ပါသည် (ယော ၁၇း၃)။

ဤဩဝါဒက မည်သည့်အကျိုးကျေးဇူးများကို ပေးနေကြောင်း မပြောကြခင်၊ ဤဩဝါဒကို သေချာစွာနားလည်ဖို့ ပြောဆိုကြပါမည်။ ပထမ၊ သုံးပါးတဆူကို ယုံကြည်ခြင်းသည် ဘုရားသုံးဆူကို ယုံကြည်ခြင်းမဟုတ်ပါဆိုသည်ကို နားလည်ရပါမည်။ မှားယွင်းသောအသင်းအဖွဲ့တခုဖြစ်သည့် 'ယေဟောဝါသက်သေခံများ'(Jehovah's witnesses)အဖွဲ့၊ မှားယွင်းသောဘာသာရေးတခုဖြစ်သည့် 'မူဆလင်'တို့က ခရစ်ယာန်တို့သည် ဘုရားသုံးဆူကို ယုံကြည်ကြသည်ဟု စွပ်စွဲတတ်ကြပါသည်။ သူတို့ မှားပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်တပါးတည်းသာရှိကြောင်း ယုံကြည်ကြပါသည်(တရား ၆း၄)။ သုံးပါးတဆူ ဆိုသည့်စကားလုံးကိုယ်၌က၊ သုံးပါးတို့၏ ညီညွတ်နေခြင်းကို ပြောပြပါသည်။

ကျမ်းစာ၏သင်ပေးမှုများကို သေချာကြည့်၍၊ ဘုရားသခင်၏အထဲတွင် ပုဂ္ဂိုလ်သုံးဦးရှိကြောင်း သိရပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် တကယ့်ပုဂ္ဂိုလ်အစစ်များ ဖြစ်ကြပါသည်။ ခြားနားသော ပင်ကိုယ်စရိုက်လက္ခဏာများကို၊ ကွဲပြားသောအမည်များကို ပိုင်ဆိုင်ကြပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ဆိုသောအမည်များက သူတို့၏ ပင်ကိုယ်စရိုက်လက္ခဏာများကို ရောင်ပြန်ထင်ဟပ်နေပါသည်။

သုံးပါးတဆူကို ယုံကြည်ပါသည်ဟု ပြောကြသူအများစုက ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့သည် တကယ့်ပုဂ္ဂိုလ်(real person)ဖြစ်ကြခြင်းကို ငြင်းကြပါသည်။ ဥပမာ၊ အချို့သောသူများက သန့်ရှင်းသောဝိညာဉ်တော်သည် ပုဂ္ဂိုလ်အစစ်မဟုတ်ပါ၊ ကြိုက်သလိုကိုင်တွယ်အသုံးပြုနိုင်သော တန်ခိုးသာဖြစ်သည်ဟုပြောကြပါသည်။ အချို့က “တဦးတည်းဖြစ်ခြင်း”(oneness)ဩဝါဒကို သင်ကြသည်၊ ကြားရသည်မှာ ကျမ်းစာကပြောသည်နှင့် တူသယောင်ရှိသော်လည်း၊ တကယ်တမ်းတွင် သုံးပါးတဆူကို ငြင်းပယ်ကြသည်။ ဤမှားယွင်းသော ဩဝါဒအရ၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဆိုသည်မှာ တဦးတည်းဖြစ်သောဘုရားသခင်က မိမိကိုယ်ကို ဖေါ်ပြရာနည်းလမ်းများဖြစ်သည်၊ ဘုရားသခင်တယောက်တည်း၏ ဌာနများ၊ အမည်ကွဲများသာဖြစ်ကြသည်ဟု သင်ကြပါသည်။ ထိုသွန်သင်ချက်သည် မှားသည်၊ ထို့ကြောင့် ဓမ္မသစ်ကျမ်း၏ အစပျိုးချိန်သမိုင်းကြောင်း၌ပင် မှားယွင်းကြောင်းငြင်းပယ်ကာ၊ စီရင်ချက်ချခဲ့ကြပါသည်။ ထိုအချိန်က ထိုသို့သွန်သင်ခြင်းကို “မိုနားခီးယန်းနီးဇင်”(monarchianism) (သို့) “စဘဲလီယန်းနီးဇင်”(Sabellianism)ဟု ခေါ်ခဲ့ကြပါသည်။

ထိုသွန်သင်ခြင်းများနှင့်ဆန့်ကျင်ကာ ကျမ်းစာက သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ခမည်းတော်တို့သည် မိမိတို့၏ကိုယ်ပိုင်စရိုက်လက္ခဏာများရှိကြသည့် စစ်မှန်သောပုဂ္ဂိုလ်များဖြစ်သည်ဟု သင်ပေးပါသည်။ သို့သော် ဘုရားသုံးဦးမဟုတ်၊ အားလုံးသည် တဆူတည်းသောဘုရားသခင်ဖြစ်သည်ဟုလည်း သင်ပေးပါသည်။ ၎င်းတို့သည် နာမည်မျှသာမဟုတ်၊ တန်ခိုးစွမ်းအားမျှသာမဟုတ်၊ ဘုရားသခင်၏ လုပ်ပုံကိုင်ပုံမျှသာမဟုတ်ကြောင်းကိုလည်း သင်ပေးပါသည်။ အကယ်၍သာ ၎င်းတို့သည် စစ်မှန်သောပုဂ္ဂိုလ်များသာမဟုတ်ခဲ့လျှင်၊ သခင်ယေရှုနှင့်ပတ်သက်၍ ကျွန်တော်တို့၏ ယုံကြည်သမျှသည် အချည်းနှီးသာဖြစ်တော့မည်ဖြစ်သည်။ ကျွန်တော်တို့၏ အပြစ်ဒုတိယခန္ဓာနှင့် လူ့ဇာတိခံယူပေးမည့်သူ၊ ကျွန်တော်တို့နေရာတွင် အစားထိုးရပ်တည်ပေးမည့်သူ၊ ကျွန်တော်တို့၏အပြစ်များကို မိမိအပြစ်များကဲ့သို့ မှတ်ယူပေးမည့်သူ၊ ကျွန်တော်တို့အတွက် အသေခံပေးမည့်သူ၊ ကျွန်တော်တို့အတွက် ကယ်တင်ခြင်းကိုပြုလုပ်ပေးမည့်သူ၊ ခမည်းတော်ရှေ့တွင် ကျွန်တော်တို့အတွက် ကိုယ်စားလှယ်လုပ်ပေးမည့်သူ မရှိတော့ဘဲဖြစ်ပါလိမ့်မည်။ ထို့အပြင် ကျွန်တော်တို့နှလုံးသားများထဲတွင် နေထိုင်ပေးမည့်သူ၊ ဘုရားသခင်နှင့် အင်မတန်ရင်းနှီးကပ်စွာနေထိုင်ဖို့ ကျွန်တော်တို့ကို ပို့ဆောင်ပေးမည့်သူ သန့်ရှင်းသော ဝိညာဉ်တော်ကိုလည်း ရရှိနိုင်ကြတော့မည်မဟုတ်ပါ။ ထို့ကြောင့် သုံးပါးတဆူကိုယုံကြည်ပါသည်ဟု ဝန်ခံကြသော ကျွန်တော်တို့၏ယုံကြည်ခြင်းသည် ဆာလံ ၄၈:၁၄ ၏ ဝန်ခံချက်ပင်ဖြစ်ပါတော့သည်၊ “အကြောင်းမူကား၊ ထိုဘုရားသခင်သည် ကာလအစဉ်အမြဲ ငါတို့၏ဘုရား ဖြစ်တော်မူ၏၊ သေသည်ကာလတိုင်အောင် ငါတို့ကို ပို့ဆောင်တော်မူလတံ့သတည်း။”

## သုံးပါးတဆူဖြစ်ခြင်း၏ အရေးကြီးမှု(The Importance of the Trinity)

တခါတရံ ကျမ်းစာ၏ဩဝါဒတခုဖြစ်သော သုံးပါးတဆူဖြစ်ခြင်းကို ယုံကြည်သူတို့က သိပ်အလေးမထားကြသည်ကို တွေ့ရပါသည်။ ထိုဩဝါဒက တခြားအရာများထက် သူတို့ကို မယုံကြည်သူတို့၏ ဘာသာရေးများမှနေ၍၄င်း၊ မှားယွင်းသော(ခရစ်ယာန်အမည်ခံ)အသင်းအဖွဲ့များမှနေ၍၄င်း ခြားနားစေသော ဩဝါဒဖြစ်သည်ဟု နားလည်ကြပါသော်လည်း၊ ၎င်းတို့၏ ကိုယ်ပိုင်အသက်တာများနှင့် ဘာမှမဆိုင်ပါဟု ထင်နေကြပါသည်။ အရေးမကြီးဟု ထင်မှတ်ကြပါသည်။ ထိုဩဝါဒသည် လက်တွေ့မဆန်၊ မိမိတို့အသက်ရှင်မှု၊ စိတ်ချရမှုတို့နှင့် ဘာမှမ

ပတ်သက်ဟု ယူဆကြပါသည်။ ထိုသို့မဟုတ်ပါ၊ ဤသြဝါဒသည် အရေးကြီးလှပါသည်။ လက်တွေ့ဘဝအတွက်လည်းအရေးကြီးပါသည်၊ အထူးသဖြင့် မိသားစုအသက်ရှင်ပုံအတွက် အလွန်အရေးကြီးပါသည်။

တွေးကြည့်ပါ၊ ပထမအနေနှင့် ဤသြဝါဒက သုံးပါးတဆူဘုရားသခင်သာ စစ်မှန်သောဘုရားသခင်ဖြစ်သည်ဟု သွန်သင်ပါသည်။ ထိုသို့သင်ပေးခြင်းဖြင့် ဘုရားသခင်သည် ကျွန်တော်တို့၏နားလည်နိုင်စွမ်းကို ကျော်လွန်သောသူဟု ပြနေခြင်းဖြစ်သည်။ "သင်သည် ဘုရားသခင်၏ဇာတိတော်ကို စစ်၍တွေ့နိုင်သလော၊ အနန္တတန်ခိုးရှင်၏ဇာတိကို စစ်၍ အကုန်အစင်နားလည်နိုင်သလော"ဟု ကျွန်တော်တို့ကို ယောဘနှင့်အတူ ပြောစေပါသည်(ယောဘ ၁၁း၇)။ ဘုရားသခင်သည် ဘုရားသခင်ဖြစ်တော်မူပါသည်။ အကယ်၍သာ ကျွန်တော်တို့က သူ့ကို အကုန်အစင် နားလည်နိုင်သည်ဆိုလျှင်၊ သူသည် ကျွန်တော်တို့၏ အကန့်အသတ်နှင့်ဖြစ်သောစိတ်(တွေးခေါ်နိုင်စွမ်း)ထက် ပို၍မကြီးသူသာ ဖြစ်နေပါမည်။ သူသည် ဘုရားမဖြစ်နိုင်တော့ပါ၊ ကျွန်တော်တို့၏ တွေးခေါ်နိုင်စွမ်း(စိတ်နှင့်နှလုံးသား)မှ ထုတ်လုပ်ထားသော ရုပ်တုတခုမျှသာဖြစ်လာပါမည်။

ထို့ကြောင့် သုံးပါးတဆူသြဝါဒသည် စစ်မှန်သောနောင်တတရား၊ စစ်မှန်သောနှိမ့်ချခြင်း၊ စစ်မှန်သောရိုသေလေးစားခြင်း၊ စစ်မှန်သောဝတ်ပြုခြင်း စသည်အရာများအားလုံးတို့၏ အရင်းအမြစ်ဖြစ်ပါသည်။ ဤသြဝါဒက ကျွန်တော်တို့ကို ဘုရားသခင်သည် ဘုရားသခင်ဖြစ်ကြောင်း သတိရစေပါသည်။ ကျွန်တော်တို့ကို မိမိတို့ ဒူးများအပေါ် ရောက်စေလျှက်(နှိမ့်ချစွာဒူးထောက်ခြင်းကိုဆိုလိုသည်) ယောဘနှင့်အတူ ယခုလို ပြောလာစေပါသည်၊ "သိတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဖူးပါပြီ၊ ယခုမူကား ကိုယ်တော်ကို မျက်စိနှင့်မြင်ရပါ၏၊ ထို့ကြောင့် အကျွန်ုပ်သည် (မိမိ)ကိုယ်ကို ရွံရှာပါ၏၊ မြေမှုန့်နှင့် မီးဖိုပြာ၌ထိုင်၍ နောင်တရပါ၏။" (ယောဘ ၄၂း၅၊ ၆)

ဒုတိယအနေနှင့် သုံးပါးတဆူသြဝါဒက ဘုရားသခင်သည် ကျွန်တော်တို့၏အလုံးစုံသောကယ်တင်ခြင်း၊ အလုံးစုံသောမျှော်လင့်ခြင်း ဖြစ်သည်ဟု သင်ပေးသည်။ ကျွန်တော်တို့လိုအပ်သမျှသည် သူ့ထံ၌ရှိပါသည်။ သူသည် ဖခင်ဖြစ်တော်မူသည်၊ သခင်ခရစ်တော်အတွက်ကြောင့် ကျွန်တော်တို့၏ဖခင်ဖြစ်တော်မူပါသည်။ သူသည် မွေးဖွားထားသောတပါးတည်းသောသားတော်ဖြစ်သည်၊ ကျွန်တော်တို့၏ အကိုကြီးဖြစ်ပါသည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်၊ လေကဲ့သို့ သွားလာသူ၊ ကျွန်တော်တို့နှလုံးသားများထဲ နေထိုင်နိုင်သူ၊ သူရှိတော်မူကြောင်းကို မသိကြခင်ကထဲက နှလုံးသားများထဲတွင် ခုခံတားဆီး၍မရနိုင်သောတန်ခိုးတော်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူ ဖြစ်တော်မူပါသည်။

ဘုရားသခင်၏ချစ်ခြင်းကို သိချင်ကြသောအခါ၊ ကျွန်တော်တို့သည် သူ့အကြောင်းကို တွေးကြပါသည်၊ ကလေးများက ဖခင်ထံတောင်းသလို၊ သူ့ထံဆုတောင်းကြပါသည်။ ကျွန်တော်တို့၏လိုအပ်ချက်များကို မည်သူမှဂရုမထားကြပါ၊ ကျွန်တော်တို့၏အခက်အခဲများကို မည်သူမျှ နားမလည်ကြပါဟုခံစားမိကြသည့်အခါ၊ ဘုရားသခင်က သူသည် မိမိ၏သားတော်ကို လူသားဇာတိခံယူခိုင်းလျှက်၊ ကျွန်တော်တို့၏ဒုက္ခအခက်အခဲများကို ထိတွေ့နားလည်စေကြောင်း ကျွန်တော်တို့ကို သတိရစေပါသည် (ဟေဗြဲ ၄း၁၅)။ သူ၏သားတော်သည် ကျွန်တော်တို့၏ အကိုကြီးစစ်စစ် ဖြစ်တော်မူပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်နှင့်ဝေးကွာသည်ဟုခံစားမိကြသော်အခါ၊ စိတ်ချမ်းသာမှုငြိမ်သက်မှုမရှိဟု ခံစားမိကြသည့်အခါ၊ သူသည် မိမိ၏ဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြောင်းကို ကျွန်တော်တို့ဝိညာဉ်များထဲသို့ သက်သေပေးပါသည်။

ဒုက္ခတွေ့ချိန်၊ စိတ်လေးလံနေရချိန်၊ အထီးကျန်နေရချိန်၊ ဝမ်းနည်းနေရချိန်တို့တွင် ဝမ်းမြောက်ခြင်း၊ နာခံခြင်းဖြင့် သူသည် ကျွန်တော်တို့၏ ဘုရားသခင်ဖြစ်တော်မူကြောင်း တွေ့မြင်ကြရပါသည်။ မူဆလင်တို့၏ဘုရားကဲ့သို့ ဟိုးအဝေးတွင်ရှိသောဘုရား မဟုတ်ပါ၊ အနီးတွင်ရှိတော်မူသောဘုရားသခင်ဖြစ်တော်မူပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါသည်။ သူသည် ကျွန်တော်တို့ချစ်ရသော ဘုရားသခင်ဖြစ်ပါသည်။ စိတ်ချလက်ချ အားကိုးထိုက်သူဖြစ်တော်မူသည်။

သူမှလွဲ၍ အခြားဘုရားမရှိပါ၊ ကျွန်တော်တို့လေးစားထိုက်သော၊ ရိုသေထိုက်သောသူ မရှိတော့ပါ။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၁၀)

၃း၁၄-၂၂

၁၄ – လောဒိကိမြို့၌ရှိသော အသင်းတော်၏တမန်ကို ဤသို့ရေး၍ မှာလိုက်လော့။ ဘုရားသခင်၏ ဝေ
နေယျသတ္တဝါတို့၏အထွဋ်၊ သစ္စာရှိ၍ ဟုတ်မှန်သောသက်သေခံ၊ အာမင်၏အမိန့်တော်ကား၊ ၁၅ – သင်၏
အကျင့်ကို ငါသိ၏။ သင်သည် အမေဟုတ်၊ အပူမဟုတ်သည်ကို ငါသိ၏ ခြေင်းဖြစ်စေ၊ ပူခြင်းဖြစ်စေ၊ တခုခုကို
ငါအလိုရှိ၏။ ၁၆ – ထိုသို့ အမေဟုတ်၊ အပူမဟုတ်၊ နွေးယုံရှိသောကြောင့် ငါ၏ခံတွင်းသည် သင့်ကို ထွေးလှုပြီ။
၁၇ – သင်ကလည်း ငါသည် ဥစ္စာရတတ်၏။ ဘဏ္ဍာများကို ဆည်းပူးပြီ။ တစုံတခုကိုမျှမလိုဟု ပြောဆို ၍၊
ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်း ဖြစ်သည်ကို
မသိပါတကား။ ၁၈ – သင်သည် ဥစ္စာရတတ် ခြင်းငှာ၊ မီးနှင့်ချွတ်ပြီးသော ရွှေကိုငှင်း၊ အဝတ်အချည်းစည်းရှိ၍၊
သူတပါးရှေ့တွင် မရှက်စေခြင်းငှာ ခြုံစရာဖို့ ဖြူသောအဝတ်ကိုငှင်း ငါ့ ထံမှာ ဝယ်လော့။ သင်၏
မျက်စိမြင်စေခြင်းငှာ၊ မျက်စိ၌မျက်စဉ်းခတ်လော့ဟု သင့်အား ငါသည် အကြံပေး၏။ ၁၉ –
ငါချစ်သမျှသောသူတို့ ၏အပြစ်ကို ငါစစ်ဆေး၍ သူတို့ကို ဆုံးမတတ်၏။ ထို့ကြောင့် ကိုယ်စိတ်ကို
ကိုယ်နှိုးဆော်လော့။ နောင်တရလော့။ ၂၀ – ငါသည် တံခါးရှေ့မှာ ရပ်၍ ခေါက်လျှက်နေ၏။ အကြင်သူသည်
ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည် လည်း
ငါနှင့်အတူ စားသောက်ရလိမ့်မည်။ ၂၁ – ငါသည်အောင်မြင်၍၊ ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ
ခမည်းတော်နှင့်အတူ ထိုင်နေသ ကဲ့သို့၊ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာ ငါနှင့်အတူ
ထိုင်ရသောအခွင့်ကို ငါပေးမည်။ ၂၂ – ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့မိန့်တော်မူသည်ကို
နားရှိသောသူမည်သည် ကား ကြားပါစေဟု မိန့်တော်မူ၏။

၁။ လောဒိကိမြို့ကြီးသည် ဖီရီးဂျီးယားပြည်နယ်(ယနေ့တူရကီနိုင်ငံတွင်ရှိသည်)၏ အရေးကြီးသော မြို့ကြီးတမြို့ဖြစ်သည်။ ဖိလဒေလဖိမြို့၏ တောင်ဖက်၊ လီခပ်စ်မြစ်ကမ်းတွင် တည်ရှိသည်။ စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုများနှင့်ကြွယ်ဝခြင်းများကြောင့် နာမည်ကြီးသည်။ ကောလောသဲမြို့သို့ပေးသောဩဝါဒစာသည်ဤမြို့အတွက်လည်း ရည်စူးကြောင်းတွေ့ရပါသည်(ကောလောသဲ ၂း၁)။ ဤမြို့တွင်ရှိသောအသင်းတော်သည် မှားယွင်းသောဝါဒများကို သွန်သင်ကြသည့် ချိုးခြံချွေတာစွာအကျင့်အကျင့်ရမည်ဆိုသူများ၊ ဂျူးဝါဒီဒဿနဆရာများကြောင့် လမ်းမှားကိုရောက်လုရောက်ခင်ဖြစ်နေပါသည် (ကောလောသဲ ၂း၈၊ ၁၆)။ ဤစာစောင်ကို သခင်ယေရှုက ထိုအသင်းတော်သို့ ရေးသည်အချိန်၌မူ ထိုအသင်းတော်၏အခြေအနေသည်၊ ဤလောကကြီး၏လွှမ်းမိုးမှုကြောင့် ဝိညာဉ်ရေးရာကို ဂရုမစိုက်ချင်တော့သော အသင်းတော်တခုဖြစ်နေပြီဖြစ်သည်။
သခင်ခရစ်တော်၏ မိမိကိုယ်ကို လိပ်မူချက်က ဤစာတွင်ပါသော အပြစ်တင်ခြင်း၊ တရားစီရင်ခြင်းအကြောင်းတို့နှင့်ကိုက်ညီလှပါသည်။ “အာမင်”ဟုသူ့ကိုယ်သူ အမည်ပေးပါသည်၊ သေချာခြင်း၊ အမှန်တရား၏တည်မြဲခြင်းကို ပြချင်၍သုံးနှုန်းသည်။ ထို့ကြောင့် သူသည် သစ္စာရှိသော၊ စစ်မှန်သော သက်သေခံဖြစ်တော်မူသည်။ ထို့အပြင် သူသည် ဘုရားသခင့်အကြံအစည်တော်၌ ပထမဆုံးဖြစ်တော်မူသည်၊ သူသည် ဖန်ဆင်းခြင်းတခုလုံး၏ မူရင်းဥပဒေသဖြစ်တော်မူသည်။

၂။ အသင်းတော်၏အခြေအနေကို နိမိတ်ပုံဖြင့် အပူလည်းမဟုတ်၊ အအေးလည်းမဟုတ်ဟု ပြောပါသည်။ အခြေအနေမကောင်းခြင်းကို ပြောချင်၍ဖြစ်သည်၊ ထို့ကြောင့် သခင်ဘုရားအတွက် အံချင်စရာကောင်းနေပါသည်။ ဆိုလိုသည်မှာ အပြီးတိုင်စွန့်ပစ်ခါနီးဟု ပြောခြင်းဖြစ်သည်။ အသင်းတော်သည် သူ့ဟာသူ အဟုတ်ကြီးထင်နေပါသည်။ ငါသည်အလွန်ချမ်းသာသည်ဟုထင်နေသည်၊ သို့သော် သခင်ခရစ်တော်ထံ၌မဟုတ်ပါ။ "ငါသည် ဥစ္စာရတတ် ၏။ ဘဏ္ဍာများကို ဆည်းပူးပြီ။ တစုံတခုကိုမျှမလိုဟု ပြောဆို၍" ဆိုလိုသည်မှာ အသင်းတော်က သူ့ကိုယ်သူ ဝိညာဉ်ရေးကောင်းမြတ်ခြင်းများ အပြည့်ရှိသည်ဟုထင်နေခြင်းဖြစ်သည်။ ထိုသို့ထင်နေသောကြောင့် မိမိအဖြစ်မှန်ကို မသိနိုင်ဘဲဖြစ်နေပါသည်။ အဖြစ်မှန်မှာ အလွန်သနားစရာကောင်းသောအဆင့်တွင် ရောက်နေပြီဖြစ်သည်။ အသင်းတော်သည် ဘုရားသခင့်ကျေးဇူးတော်နှင့်ပတ်သက်၍ အလွန်ဆင်းရဲပါသည်။ စစ်မှန်သောချမ်းသာခြင်းကို မတွေ့နိုင်၊ သူ၏ဆင်းရဲသောအဖြစ်ကိုလဲ မတွေ့နိုင် ထို့ကြောင့် မျက်ကန်းဖြစ်ပါသည်။ အဝတ်အချည်းစည်းလဲဖြစ်နေသည်၊ သခင်ခရစ်တော်၌စစ်မှန်သောဖြောင့်မတ်ခြင်းကို မရရှိပါ။

၃။ ထို့ကြောင့် သခင်ယေရှုက သူ့ကို အကြံပေးပါသည်။ "ငါ့ထံမှာ ဝယ်လော" ဤစကားလုံးများတွင် လှောင်ပြောင်သောအသံကိုကြားရပါသည်။ 'မင်းကိုမင်း ချမ်းသာတယ်ဆိုရင်၊ ဝယ်လေကွာ'ဟုပြောခြင်းဖြစ်သည်။ အမှန်တွင် အသင်းတော်သည် ကျေးဇူးတော်ဖြင့်သာ ရရှိနိုင်ပါသည်။ ထို့ကြောင့် သခင်ခရစ်တော်ထံမှ 'ဝယ်ခြင်း'၏အနှစ်သာရသည် ယုံကြည်သောအပြုအမူကို ရည်ညွှန်းပါသည်။ မည်သည်ကိုဝယ်ရမည်နည်း? "မီးနှင့်ချွတ်ပြီးသောရွှေ" အရောအနှောကင်းစင်လှသည့် သခင်ခရစ်တော်ထံ၌ရှိသော ကျေးဇူးတော်၏ဝိညာဉ်ရေးရာကြွယ်ဝမှုများ ဖြစ်သည်။ "ဖြူသောအဝတ်" သခင်ခရစ်တော်အားဖြင့် ဘုရားသခင်က အသိအမှတ်ပြုပေးအပ်သော ဖြောင့်မတ်ခြင်းဖြစ်သည်။ ၄င်းကို ယုံကြည်ခြင်းအားဖြင့် ကျွန်တော်တို့ထံ လက်တွေ့ရောက်လာစေသည်။ "မျက်စဉ်း(ဆေး)" မျက်စိနာ၍ထည့်ရသောဆေး၊ ဝိညာဉ်ရေးအရ သန့်ရှင်းသောဝိညာဉ်တော်ကပေးသောအလင်းတရားကို ပုံဆောင်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှရသော ဝိညာဉ်ရေးအသိပညာဖြစ်သည်။ မြင်နိုင်သောမျက်လုံးများ။

၄။ သခင်ယေရှု၏ဆုံးမခြင်းသည် ချစ်ခြင်းမှလာပါသည်။ "ငါချစ်သမျှသောသူတို့၏" ဆိုသည့်စကားသည် အသင်းတော်တခုလုံးသို့ ရည်ညွှန်းပါသည်။ သို့သော် အသင်းတော်ထဲရှိနေသော ဘုရားသခင်၏တကယ့်သားသမီးများနှင့်သာဆိုင်ပါသည်။ သခင်ယေရှုက သူတို့ကို ဆုံးမပါသည်။ သူ၏သားသမီးများအဖြစ် ပညာပေးသည်၊ အမှားကိုပြင်ပေးသည်။ ထို့ကြောင့် သူတို့က သခင်ယေရှု၏စကားကို နားထောင်ကာ တုန့်ပြန်ရမည်။ ဝိညာဉ်ရေးရာလှုပ်ရှားအသက်ရှင်ခြင်းတွင် စိတ်အားထက်သန်ရမည်။ စစ်မှန်သော စိတ်အားထက်သန်ခြင်း၏ ပထမသော အကြောင်းအရာဖြစ်သည့် နောင်တရခြင်းအမှန်ဖြင့် နောင်တရကြရပါမည်။

၅။ သခင်ယေရှုသည် တံခါးဝတွင်ရပ်နေသည်ဟုပြောခြင်းသည်၊ နှလုံးသားတံခါးဝကို ပြောနေခြင်း မဟုတ်ပါ။ လူအများက သခင်ယေရှုသည် ကျွန်တော်တို့နှလုံးသားတံခါးဝတွင် ရပ်နေပါသည်ဟု ပြောတတ်ကြသော်လည်း မဟုတ်ပါ။ (မိမိ၏နှလုံးသားတံခါးကို သခင်ယေရှုကဖွင့်မပေးလျှင် မည်သူကမှ မိမိဘာသာ မဖွင့်နိုင်ပါ)။ ဤကျမ်းပိုဒ်ကပြောသောတံခါးသည် လောဒိကိအသင်းတော်၏တံခါးကို ရည်ညွှန်းပါသည်။ သူသည် ထိုနေရာတွင် သူ၏ရတနာများနှင့်အတူ ရှိနေပါသည်။ ခေါက်နေပါသည်။ အသင်းတော်ထဲ ကျန်နေသေးသော စစ်မှန်သည့်ယုံကြည်သူများက သူ့အသံကိုကြား၍ တံခါးဖွင့်ကြမည်ဖြစ်သည်။ ထိုသူတို့နှင့် သခင်ဘုရားသည် သူ၏အသင်းတော်ကို ဆက်၍တည်ဆောက်ပါမည်။ "ငါနှင့်အတူ စားသောက်ရလိမ့်မည်"ဆိုသည်မှာ ပဋိညာဉ်မိတ်ဆွေများအတူနေထိုင်ခြင်းဖြစ်သည်။

ထိုသူသည် တကယ့်အောင်မြင်ခြင်းနှင့်အောင်မြင်ရမည်ဟု ဆက်၍ကတိပေးသည်။ ဆိုလိုသည်မှာ စုံစမ်းနှောက်

ယှက်ခံရခြင်းကြားထဲတွင် အဆုံးထိ ခိုင်မာစွာနေနိုင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ ကတိတော်မှာ သခင်ခရစ်တော်နှင့်အတူ သူ၏ပလ္လင်တော်ပေါ်တွင် အတူထိုင်ရခြင်းဖြစ်သည်။ သခင်ခရစ်တော်သည် သူ၏ခမည်းတော်၏ပလ္လင်တော်ပေါ်တွင် ထိုင်တော်မူသည်။ ဘုရားသခင်၏လက်ျာဖက်တွင် ချီးမြှောက်ခြင်းခံရသောနေရာဖြစ်သည်။ ဘုရင်တို့၏ဩဇာအာဏာ၊ အောင်မြင်ခြင်းကို ပုံဆောင်သည်။

ထိုသခင်ခရစ်တော်(ကြားဝင်ဖြန်ဖြေပေးသူ)၏ ဘုန်းအသရေ၊ ဘုရင့်အာဏာ၊ အောင်မြင်ခြင်း၊ တရားစီရင်နိုင်ခြင်း တို့တွင် စစ်မှန်သောယုံကြည်သူသည် ပါဝင်ရမည်ဖြစ်သည်။ ထိုကတိတော်များ၏ တကယ့်ပြည့်စုံမှုသည် လာ ရောက်မည့် ကောင်းကင်သစ်မြေကြီးသစ်တွင်ဖြစ်ပါမည်။